


ဟောကြားသူ၊
ဥက္ကဋ္ဌ ဒီတာ အက်ဖ် ဥခ္ဒေါ့
ပထမ ဥက္ကဋ္ဌ အဖွဲ့ဝင် ဒုတိယ အတိုင်ပင်ခံ

# ယောင်လည်လည် လျှောက်နေခြင်း

လမ်းစပျောက်ပြီး ဘယ်သွားရမှန်း မသိဖြစ်သူဟာ တစ်နေရာတည်းမှာပဲ ယောင်လည်ယောင်လည် လျှောက်နေတတ်တယ် ဆိုတဲ့ ရှေးဆိုကို ကြားဘူးပါသလား။

ဂျာမန် စိတ်ပညာရှင်တစ်ဦးဖြစ်တဲ့ ဂျန် အယ်လ် ဆူးမင်း ဆိုသူက၊ ဒီရှေးအဆိုမှန်မမှန် သိဖို့ သိပ္ပံနည်း ကျကျ စမ်းသပ်လိုခဲ့ပါတယ်။ ဒီလို စမ်းသပ်ရန်အတွက် ဒီစမ်းသပ်မှုမှာ ပါဝင်တဲ့လူတစ်စုနဲ့အတူ တောနက်ကြီးနဲ့၊ ဆာဟာရ သဲကန္တာရထဲကို ထွက်ခွါခဲ့ပါတယ်။ ထို့နောက်မှာ အစမ်းသပ်ခံလူတွေ ဘယ်နေရာကို သွားတယ်ဆိုတာကို အတိအကျသိနိုင်ဖို့ရန် အတွက် ဂြိုလ်တုမှတဆင့် ကြည့်ရှုနိုင်တဲ့စနစ်ကို အသုံးပြုခဲ့ပါတယ်။ အစမ်းသပ်ခံလူစုမှာတော့ လမ်းညွှန်ပြနိုင်တဲ့ သံလိုက်အိမ်မြှောင်အပါအဝင် အခြားဘာပစ္စည်းမှ မရှိခဲ့ကြပါဘူး။ သူတို့လုပ်စရာတစ်ခုပဲရှိပါတယ်။ ဒါကတော့ ချမှတ်ထားတဲ့ခရီးကို အရောက်လျှောက်ဖို့ပါပဲ။

အဲဒီစမ်းသပ်ချက်ရဲ့ အဖြေကို ဒေါက်တာ ဆူးမင်းကနောက်မှာ ပြန်ရှင်းပြပါတယ်။ "အစမ်းသပ်ခံ လူစုထဲက (တစ်ချို့)ဟာ နေရောင်မရ၊ တိမ်ထူတဲ့နေ့မှာ ခရီးနှင်ခဲ့ရတဲ့အတွက် နေရာတစ်ခုတည်းမှာပဲ လမ်းစပျောက်ကာ၊ မိမိလျှောက်ပြီးခဲ့တဲ့ လမ်းကိုပဲ ထပ်ခါထပ်ခါလျှောက်ပြီး ယောင်လည်ယောင်လည်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ အခြားတစ်စုကတော့ ရာသီဥတု သာယာပြီး၊ နေထွက်ချိန်မှာ ခရီးနှင်ခဲ့ရတဲ့အတွက် သွားရမယ့်ခရီးကို ချောမွေ့စွာ ရောက်ခဲ့တာကို တွေ့ရတယ်" လို့သူက ရှင်းပြသွားပါတယ်။ [၁]

အခြားပညာရှင်များကလည်း နည်းမျိုးစုံသုံးပြီး ဒီအရာကို စမ်းသပ်ခဲ့ကြပါတယ်။[၂] ရလဒ်ကတော့ အတူတူပါပဲ။

မျက်မြင်တွေ့နိုင်တဲ့ လမ်းညွှန်မှုမျိုး မပါရင် ကျွန်တော်တို့ လူသားတွေဟာ ယောင်လည်ယောင်လည် နဲ့ လျှောက်လှမ်းတတ်ကြပါတယ်။

## ကျမ်းစာရဲ့ လမ်းညွှန်မှုများ

ဂိညာဉ်ရေးရာ လမ်းပြမှုမပါရင်၊ လူသားတွေဟာလည်း ယောင်လည်ယောင်လည် လျှောက်လှမ်းတတ်ကြပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်မပါရင် ကျွန်တော်တို့ဟာလည်း ယောင်လည်ယောင်လည် နဲ့ လျှောက်လမ်း ရမှာဖြစ်ပါတယ်။

တစ်ဦးချင်းစီရဲ့ အသက်တာကို ကြည့်ခြင်းဖြင့် သော်လည်းကောင်း၊ လူအဖွဲ့အစည်းကိုကြည့်ခြင်းအားဖြင့်သော်လည်းကောင်း၊ လမ်းမှားအပေါ် ယောင်လည်ယောင်လည်နဲ့ လျှောက်လှမ်းခဲ့ကြတာကို ခေတ်အဆက်ဆက် တိုင်းမှာ တွေ့ရပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်ကိုမေ့လျော့တဲ့အခါ၊ ကျွန်တော်တို့ လမ်းစပျောက်တတ်ကြပါတယ်။

ဒါကြောင့်ပဲ ဘုရားသခင်က မိမိရဲ့သားတွေကို ယေရုရှလင်မြို့ကို စေလွှတ်ပြီး၊ နှုတ်ကပါတ်တော်ကို ရေးသားထားတဲ့ ကြေးနီပြားတွေကို သွားယူဖို့ရန် လီဟိုင်းကိုညွှန်ကြားရခြင်းဖြစ်ပါတယ်။ လီဟိုင်းရဲ့ မျိုးဆက်တွေ လမ်းမှန်ပေါ် လျှောက်နိုင်ဖို့ရန်အတွက် မှန်ကန်စိတ်ချရတဲ့ လမ်းညွှန်မှု လိုအပ်မယ်ဆိုတာကို ဘုရားသခင်က ကြိုတင်ပြီး သိနှင့်ပါတယ်။

ကျမ်းစာဟာ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်ဖြစ်ပါတယ်။ ထို့အပြင် ကယ်တင်ရှင်ကို ချဉ်းကပ်ရာမှာ လည်းကောင်း၊ ဘုရားအလိုကျ မိမိတို့ ချမှတ်ထားတဲ့ ပန်းတိုင်ကို ရောက်ရှိနိုင်ရန်လည်းကောင်း၊ လိုက်လျှောက်ရမယ့် ဘုရားသခင်ရဲ့ ညွှန်ကြားချက်တွေလည်းဖြစ်ပါတယ်။

## အထွေထွေညီလာခံရဲ့ ညွှန်ကြားချက်

အထွေထွေညီလာခံကလာတဲ့ ညွှန်ကြားချက်တွေကို အသုံးပြုပြီး၊ လမ်းမှန်ပေါ် ကို ကျွန်တော်တို့လျှောက် မလျှောက် ချင့်ချိန်နိုင်းဆနိုင်ပါတယ်။

တစ်ခါတစ်ခါ "ကျွန်တော်ကိုယ်တိုင်လည်း နောက်ဆုံးပြုလုပ်သွားတဲ့ အသင်းတော်ရဲ့ အထွေထွေညီလာခံပါ ဒေသနာတွေကိုနာခံလိုက်လျှောက်ရဲ့လားလို့ ချင့်ချိန်တွေးတောမိပါတယ်။ ညီလာခံပါ ဒေသနာတွေကို ကျွန်တော် ထပ်တလဲလဲ ဖတ်ရှုရဲ့လား။ အဲဒီတရားတွေကိုရော အောက်မေ့ သတိရပြီး လိုက်လျှောက်ရဲ့လား။ ဒါမှမဟုတ် ညီလာခံမှာ ဟောကြားသွားတဲ့ ဒေသနာတွေကို ခဏတာ နားထောင်ပြီး၊ လိုက်လျှောက်ဖို့ မေ့လျော့သွားပြီလား ဆိုတာကိုလည်း ကျွန်တော်အမြဲ တွေးတောလေ့ရှိပါတယ်။"

ဒေသနာတွေကို နားထောင်နေစဉ်မှာ ဖြစ်စေ၊ ဖတ်ရှုနေချိန်မှာ ဖြစ်စေ၊ အရေးကြီးတဲ့အရာတစ်ချို့ကို သင်ရေးသားခဲ့မိမှာပါ။ ထို့အပြင် ဘဝကို ပိုပြီးအကျိုးရှိအောင် ရှင်သန်နေထိုင်သွားမယ်လို့လည်း သင်စဉ်းစားခဲ့မိမှာပါ။ ပြီးခဲ့တဲ့ အထွေထွေညီလာကို ပဲစဉ်းစားကြည့်ပါ။ မိသားစုကို တိုးတက်ခိုင်ခံ့စေဖို့ ဒေသနာဝေ သူတွေက ကျွန်တော်တို့ကို တိုက်တွန်းခဲ့ပါတယ်။ ယခုလထုတ် လိုင်ယာဟောဏား ကိုယ်တိုင်လည်း ဒီထာဝရတရားတွေနဲ့၊ ကျွန်တော်တို့အသက်ကို ကောင်းကြီးပေးနိုင်တဲ့ ညွှန်ကြားချက်တွေကို အဓိကထားပြီး သွန်သင်ထားပါတယ်။

ဒီအရေးပါလှတဲ့ ညွှန်ကြားချက်တွေကို ကျွန်တော်တို့မှတ်ယူပြီး လိုက်လျှောက်နေပါသလား။ ဒီမွန်မြတ်လှတဲ့ လမ်းညွှန်ချက်တွေကို ကျွန်တော်တို့ သတိပြု လိုက်လျှောက်နေပါသလား။

## လမ်းပျောက်နေသူများအတွက် အဖြေ

သမ္မာတရားပါ ကျဉ်းသောလမ်းကို လျှောက်နိုင်ဖို့ရန်အတွက် ဝိညာဉ်ရေးရာ လမ်းညွှန်မှုများဟာ မရှိမဖြစ် အရေးကြီးလှပါတယ်။ ဒီအရာတွေက ကျွန်တော်တို့လျှောက်ရမယ့် လှမ်းကို အတိအကျ ညွှန်ပြထားပါတယ်။ သို့သော် အဲဒီလမ်းညွှန်ချက်တွေကို ကျွန်တော်တို့ သတိပြုမိမှသာ၊ ထို အတိုင်း လျှောက်နိုင်မှာ ဖြစ်ပါတယ်။

ဒီလမ်းညွှန်မှုတွေကို ကျွန်တော်တို့ မလိုက်လျှောက်ရင်တော့၊ ဒီအရာ တွေဟာ တန်းဖိုးမရှိ၊ ညီညာဖြောင့်ဖြူးနေတဲ့ လမ်းပေါ်က အကျိုးမရှိတဲ့ အဖုအထစ်တွေလိုပါပဲ။

မသိစိတ်ရဲ့စေရာကို လိုက်လျှောက်ရုံနဲ့ မလုံလောက်ပါဘူး။

ကောင်းမှုပြုလိုတဲ့ စိတ် ရှိရုံနဲ့မလုံလောက်ပါဘူး။

ကျွန်တော်တို့ရဲ့ အာရုံငါးပါးပေါ် မှီခိုရုံနဲ့လည်း မလုံလောက်ပါဘူး။

ဝိညာဉ်ရေးရာ ကျဉ်းသောလမ်းကို လျှောက်နေပါတယ်လို့ မိမိတို့ယူဆ ချိန်မှာပင်၊ စစ်မှန်တဲ့ လမ်းညွှန်မှုနဲ့၊ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လမ်းညွှန်မှု မရှိခဲ့ရင်၊ ကျွန်တော်တို့ လမ်းပျောက်နေကြဦးမှာပါတယ်။

ဒါကြောင့်၊ သူ့ရဲ့သားသမီးတွေအတွက် ကျွန်တော်တို့ရဲ့ဘုရားသခင် ပြင်ဆင်ထားတဲ့ လမ်းညွှန်မှုတွေကို မြင်တွေ့နိုင်ဖို့ရန် ဝိညာဉ်မျက်စိကို ဖွင့်ထားကြပါစို့။ နှုတ်ကပါတ်တော်ကို ကြားနာ ဖတ်ရှုပြီး၊ မိမိတို့ရဲ့ အသက် တာမှာလိုက်လျှောက်ကြပါစို့။ စစ်မှန်တဲ့နှလုံးသားနဲ့ ဆုတောင်းပြီး သန့်ရှင်း သောဝိညာဉ်တော်ရဲ့ ဖွင့်ပြချက်များကို ကြားနာ လိုက်လျှောက်ကြပါစို့။ ကျွန်တော်တို့ရဲ့ ကောင်းကင်ဘုံအရှင်ဘုရားသခင် ပေးထားတဲ့ လမ်းညွှန်မှု များကို သိမှတ်ပြီး၊ ထိုအတိုင်းကျွန်တော်တို့ရဲ့ အသက်တာကို လိုက် လျှောက်ဖို့ရန် ပြင်ဆင်ကြရအောင်။ ဝိညာဉ်ရေးရာလမ်းညွှန်မှုအတိုင်း လိုက်လျှောက်ဖို့အသက်တာကို လျှောက်လှမ်းရာမှာ လိုအပ်တဲ့ ပြုပြင်မှု များကို ပုံမှန်ပြုလုပ်သွားသင့်ပါတယ်။

ထို့သို့ပြုမယ်ဆိုရင်၊ လမ်းစပျောက်ပြီး ယောင်လည်ယောင်လည် မလျှောက်လှမ်းရတော့ပဲ၊ ခရစ်တော်ရဲ့ တပည့်တော်များလျှောက်ရာ ကျဉ်း သောလမ်းကို လျှောက်သောသူတိုင်းအတွက် ဘုရားသခင်ထားရှိတဲ့ ကောင်းကြီးမင်္ဂလာလမ်းပေါ်မှာ ဝင့်ဝင့်ကြွားကြွားလျှောက်ရသောအခွင့်ကို ရမှာဖြစ်ပါတယ်။

### မှတ်ချက်

၁။ See Jan L. Souman and others, "Walking in Circles," Current Biology 19 (Sept. 29, 2009), 1538, cell.com/current-biology/issue?pii=S0960-9822(09)X0019-9.တွင်ကြည့်ပါ

၂။ "A Mystery: Why Can't We Walk Straight?" npr.org/blogs/krulwich/2011/06/01/131050832/a-mystery-why-can-t-we-walk-straight. တွင် ကြည့်ပါ။

---

### ဤ သတင်းစကားမှ သင်ကြားခြင်း

ဤသတင်းစကားကို ကိုးကားပြီး သင်ခန်းစာပေးရန် ပြင်ဆင်တဲ့အခါ၊ ကျမ်းစာပါ ဝိညာဉ်တော်၏ လမ်းပြမှုကိုလိုက်လျှောက်သော သူများရဲ့ အသက်တာကိုလည်းကောင်း၊ လမ်းမှားပြီး ယောင်လည်လည် လျှောက် သောသူများရဲ့ အသက်တာကိုလည်းကောင်း၊ ပုံဥပမာအဖြစ် အသုံးပြုနိုင် ပါသည်။ အောက်ပါကျမ်းချက်များကို ကိုးကားပြီး အသုံးပြုနိုင်ပါသည်၊ တောလည်ရာကျမ်း ၁၄း၂၆-၃၃၊ နီဖိုင်းပထမစာစောင် ၁၆း၂၈-၂၉၊ အယ်မာ ၃၇း၃၈-၄၇။ ဝိညာဉ်တော်ရဲ့ လှုံ့ဆော်မှုအတိုင်း ဤကျမ်းပိုဒ် များပါ ဥပမာများကို အသုံးပြုသင်ကြားနိုင်ပါသည်။

## လူငယ်ကဏ္ဍ

### သင့်အတွက်လမ်းညွှန်

အထွေထွေညီလာခံတွင်ပါဝင်သောဒေသနာများနဲ့၊ သမ္မာကျမ်းစာ ဟာ ဝိညာဉ်ရေးရာလမ်းပျောက်မှုကို ရှောင်လွှဲဖို့ရန် လိုအပ်တဲ့ လမ်းညွှန်မှုတွေဖြစ်တယ်လို့ ဉက္ကဋ္ဌ ဉဒ္ဒေါ့က ပြောသွားပါတယ်။ သင့်ရဲ့ ဘဝမှာ ထူးခြားစွာ  ဝိညာဉ်တော်ရဲ့ လမ်းပြခဲ့မှုတွေကို စဉ်းစားကြည့်ပါ။ သင့်ရဲ့ အတွေ့အကြုံတွေကို မှတ်တမ်းစာအုပ်ထဲမှာ ထည့်သွင်းရေးသား ထားပါ။ အောက်ဖော်ပြပါ ဉက္ကဋ္ဌ မွန်ဆွန် ရဲ့ မိန့်ခွန်းအားဖြင့် သင့်ဘဝ အတွက် အထောက်အကူ ပြုပါလိမ့်မယ်။

"လူမျိုးတို့ရဲ့ အဘက ပေးတဲ့ ကောင်းကြီးမင်္ဂလာဟာ အမှောင်မိုက်ဆုံး အချိန်မှာပင် သင်နဲ့အတူရှိပါ လိမ့်မယ်။ ၎င်းက သင့်ကို ဘဝရဲ့ အန္တရာယ် တွေအကြား လမ်းပြသွားပါလိမ့်မယ်။ လူမျိုးတို့ရဲ့ အဘပေးတဲ့ ကောင်းကြီး မင်္ဂလာစာစောင်ကို သေသပ်စွာခေါက်ချိုးပြီး သိမ်းထားမသင့်ပါဘူး။ မှန် ဘောင်ခပ်ပြီး အများသူသိအောင်လည်း မပြုသင့်ပါဘူး။ ၎င်းကို ဖတ်ရှု၊ ရှိသေပြီး လိုက်လျှောက်ရမှာဖြစ်ပါတယ်။"

"လူမျိုးတို့ရဲ့ အဘပေးသော သင့်ရဲ့ကောင်းကြီးမင်္ဂလာ၊ လိုင်ယာဟိုးနားခေါ်အလင်း" Ensign, နိုဝင်ဘာ ၁၉၈၆၊ ၆၆။

"ကျွန်တော်တို့တတွေ အန္တရာယ်ကင်းစွာ အိမ်ကိုပြန်ရောက်နိုင်ဖို့ ရန်အတွက် သူ့ထံမှလမ်းပြမှုကို လိုသကဲ့သို့၊ ထိုလမ်းပြမှုကိုရဖို့ရန်န ည်းမပါပဲ ထာဝရခရီးကိုလျှောက်လှမ်းရန် ဘုရားသခင် အလိုမရှိပါဘူး။ ထိုနည်းလမ်းတွေကတော့၊ ဆုတောင်းခြင်း နှင့် သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လှုံ့ဆော်မှုတို့ဖြစ်ပါတယ်။"

"ဘဝရဲ့ ပန်းတိုင် ခရီး" လိုင်ယာဟိုးနား၊ မေလ ၂၀၁၂၊ ၉၂။

## ကလေးများကဏ္ဍ

### ငါ၏လမ်းခရီးကို ငါရှာဖွေနိုင်သည်

ဝိညာဉ်တော်ရဲ့ လမ်းပြမှုဖြင့် အမှန်ကိုရွေးပြီး၊ ကယ်တင်ရှင်နှင့် သာ၍ နီးကပ်လာနိုင်မှာ ဖြစ်တဲ့အတွက်၊ ထိုလမ်းပြမှုများကို ကျွန်တော်တို့ လိုက်လျှောက်ရမယ်လို့ ဉက္ကဋ္ဌ ဉဒ္ဒေါ့က ဟောခဲ့ပါတယ်။ ထိုလမ်းပြမှုတစ် ချို့ဟာ ဆုတောင်းခြင်း၊သမ္မာကျမ်းစာ၊ အထွေထွေညီလာခံပါဒေသနာများ နဲ့၊ လိုင်ယာဟိုးနားတို့ ဖြစ်ပါတယ်။

အထွေထွေညီလာခံမှာ ဟောသွားတဲ့ ဒေသနာတစ်ခုကို မိသားစုနဲ့ အတူဖတ်ရှုပါ။ လမ်းမှန်ပေါ်မှာ လျှောက်ဖို့ရန် အတွက် ကျွန်တော်တို့ ဘာလုပ်ရမယ်လို့ ဒေသနာဟောသူပြောထားပါသလဲ။ မိမိတို့ လေ့လာခဲ့တဲ့ အရာကို လိုက်လျှောက်ဖို့ မိသားစုနဲ့အတူတကွ ရည်မှန်းချက်ချပါ။

© 2003 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *First Presidency Message, June 2013 အား ဘာသာပြန်ဆိုခြင်း၊* Burmese 10666 256

# မိသားစု သမိုင်း၌ ဝမ်းမြောက်ခြင်း

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာမှု

ဤ သင်ရိုးညွှန်းတမ်းပါ အရာများကို ဆုတောင်းခြင်းနှင့် အတူလေ့လာပြီး၊ အချိန်အခါသင့်ပါက၊ သင်မိသာဟာရပြုသော ညီအမများနှင့် အတူ ဆွေးနွေးဂေ့ပါ။ ဤ အရာပါ မေးခွန်းများကို အသုံးပြုပြီး ညီအမများကို ခွန်အားပေးပါ။ ထို့အပြင်ဤ မေးခွန်းများမေးခြင်းဖြင့် အမျိုးသမီးအဖွဲ့ကို သင့်ဘဝရဲ့ အရေးပါတဲ့ အခန်းတစ်ရပ် ဖြစ်ဖို့ရန် ဖန်တီးပါ။ ထပ်မံလေ့လာမှုများကို ပြုလိုပါက reliefsociety.lds.org ကိုကြည့်ရှုနိုင်ပါတယ်။

တမန်တော်တစ်ဆယ့်နှစ်ပါး အဖွဲ့ဝင် ညီအကိုကြီး ယာဆယ်လ် အင် နယ်စင် က "မိသားစုအရေးပါပုံကို သိခွင့်ပြုတဲ့ သန့်ရှင်းသော ဂိညာဉ်တော်ရဲ့ သက်သေထူမှု။"[၁] ဟာ ဧလိယရဲ့ ကောင်းကြီးမင်္ဂလာ ဖြစ်တယ်လို့ သွန်သင်ထားပါတယ်။

ခရစ်တော်ရဲ့ အသင်းဝင်များအနေနဲ့ ဘိုးဘွားဘီဘင်များအကြောင်းလေ့လာပြီး၊ သူတို့ရဲ့ ကယ်တင်ခြင်းအတွက် လိုအပ်တဲ့ ဘိသိတ်မင်္ဂလာတရားများကို လုပ်ဆောင်ရမယ့်တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်။

မိသားစုသမိုင်းကြောင်းများကို လေ့လာခြင်းအားဖြင့်၊ ထာဝရကောင်းကြီးမင်္ဂလာကိုရဖို့ရန် ပြင်ဆင်သကဲ့သို့ ဖြစ်ပြီး၊ ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းနဲ့ ဖြောင့်မတ်ခြင်းကိုလည်းတိုးပွါးစေပါတယ်။ မိသားစုသမိုင်းကြောင်းလေ့လာခြင်းဟာ အသင်းတော်ရဲ့ အရေးပါလှတဲ့ သာသနာတစ်ခုဖြစ်ပြီး၊ လူသားတိုင်း ချီးမြှောက်ကယ်တင်ခြင်းရဖို့ရန် ပြင်ဆင်ပေးပါတယ်။

တမန်တော်တစ်ဆယ့်နှစ်ပါးအဖွဲ့ရဲ့ ဥက္ကဋ္ဌ ဘွိုင်း ကေ ပက်ကာ က "ကျွန်တော်တို့ရဲ့ မျိုးရိုးကို တကယ်လေ့လာမှုပြုတဲ့အခါ၊ နာမည်များ ထက်သာ၍မက သိလိုစိတ်တိုးပွါးလာပါတယ်.. ကျွန်တော်တို့ရဲ့ စိတ်နှလုံးဟာ ကျွန်တော်တို့ ဘိုးဘွားများထံကို ရောက်ရှိသွားပါတယ်..သူတို့ကို ရှာဖွေတွေ့ရှိသိမှတ်လာပြီး၊ သူတို့အတွက် ကောင်းမှုပြုလိုစိတ် တိုးပွါးလာပါတယ်။"[၂]

### ကျမ်းပိုဒ်များမှ

မာလခိအနာဂတ္တိ ၄း၅-၆၊ ကောရိန္တုသြဝါဒစာ ပထမစောင် ၁၅း၂၉၊ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၁၂၄း၂၈-၃၆၊ ၁၂၈း၁၅

### ကျွန်ုပ်တို့၏ သမိုင်းမှ

ပုရောဖက် ဂျိုးဆက်စမစ်က "ဤလောကမှာ ဘုရားသခင်ပေးထားတဲ့ အကြီးမားဆုံးသော တာဝန် ကတော့၊ ကွယ်လွန်ပြီးသော ကျွန်တော်တို့ရဲ့ ဘိုးဘွားများကိုရှာဖွေဖို့ ဖြစ်ပါတယ်။ သူတို့အတွက်လိုအပ်တဲ့ဘိသိတ်မင်္ဂလာတရားတွေကို ဗိမာန်တော်မှာ သူတို့ကိုယ်စား ကျွန်တော်တို့ ဆောင်ရွက်နိုင်ပါတယ်။"[၃] လို့ပြောခဲ့ပါတယ်။

ဆယ်လီ ရန်ဒေါ်း ခေါ်၊ အေးလန္ဒ်ပြည်နယ်၊ နာပူးမြို့သူဟာ ၁၄ နှစ်သာရှိတဲ့ သားသေဆုံးသွားချိန်မှာ၊ မိသားစုထာဝရတည်တယ်ဆိုတဲ့ ဘုရားသခင်ရဲ့ ဂတိကို ယုံကြည်ခြင်းဖြင့် နှစ်သိမ့်မှုရခဲ့ပါတယ်။ သူတို့ရဲ့ သားကိုယ်စား သူမရဲ့ ခင်ပွန်း နှစ်ခြင်းခံယူစဉ်မှာ "ကျွန်မတို့ သိနိုင်မှတ်နိုင်တဲ့အထိ ကွယ်လွန်ပြီးသောဘိုးဘွား၊ မိတ်ဆွေနဲ့၊ ဆွေမျိုးများ ကိုယ်စား နှစ်ခြင်းခံပြီး၊ သူတို့ကို ကယ်တင်နိုင်ရသော အခွင့်ရတာ ဘယ်လောက်ထိ ဝမ်းသာစရာဖြစ်ပါသလဲ။" လို့ သူမဆိုခဲ့ပါတယ်။ အဲဒီနောက်မှာ သူမရဲ့ ဆွေမျိုးတွေကို ဘိုးဘွားတွေအကြောင်းရှာပြီး သူမကို ပေးဖို့ပြောပါတယ်၊ "ငါတို့ရဲ့ မိသားစုကို ကယ်တင်ဖို့ ငါတတ်နိုင်သမျှပြုလိုတယ်" လို့ပြောပါတယ်။[၄]

### မှတ်ချက်

၁။ ရာဆယ်လ် အင် နယ်စင်၊ "အသစ်သော ရိတ်သိမ်းချိန်"၊ *လိုင်ယာဟိုးနား*၊ ဇူလိုင်လ ၁၉၉၈၊ ၃၄။

၂။ ဘွိုင်း ကေ ပက်ကာ၊ "သင့်မိသားစု သမိုင်းကြောင်း၊ အစပြုခြင်း"၊ *လိုင်ယာဟိုးနား*၊ နိုဝင်ဘာလ ၂၀၁၁၊ ၁၇။

၃။ *အသင်းတော် ဥက္ကဋ္ဌများ ၏ သွန်သင်ချက်များ၊ ဂျိုးဇက်စမစ်* (၂၀၀၇)၊ ၄၇၅။

၄။ *ငါ၏နိုင်ငံတော်၏ သမီးများ၊ အမျိုးသမီးများအဖွဲ့ နှင့် ၎င်း၏ စွမ်းဆောင်မှုသမိုင်း*(၂၀၁၁)၊၂၀-၂၁။ ကို ကြည့်ပါ။

### ကျွန်မဘာလုပ်နိုင်သလဲ

၁။ ကျွန်မဦးဆောင်တဲ့ညီအမများမိသားစု သမိုင်းပြုစုနိုင်ရန် ကျွန်မဘာလုပ်ဆောင်ရမလဲ

၂။ ကျွန်မရဲ့ ကိုယ်ရေးရာဇဝင်ကို ကျွန်မ ရေးသားထားပါသလား။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။
ဘာသာပြန်ခွင့်ပြုချက် 6/12။ *Visiting Teaching Message, June 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10666 256